# Arakan National Stakeholder Consultation Meeting

Email: anscm2018@gmail.com

## ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာ နှီးနှောဖလှယ်ပွဲမှ ထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူပြုစေရန် ရည်သန်လျက် "ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာ နှီးနှောဖလှယ်ပွဲ" တရပ်ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၈) ရက်မှ (၁၂) ရက်နေ့အထိ ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ဤနှီးနှောဖလှယ်ပွဲသို့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (ALP/ALA, ANC/AA)၊ ပြည်တွင်းနိုင်ငံရေးပါတီများ (ANP, APP, KNDP, DNDP, MNDP, MNP)၊ ဥပဒေအထောက်အကူပြုအဖွဲ့၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူငယ်၊ အမျိုးသမီး၊ လယ်သမား၊ အလုပ်သမား၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် လူထုအခြေပြုအသင်းအဖွဲ့များမှ တရားဝင်ကိုယ်စားလှယ် (၈၁) ဦးနှင့် လေ့လာသူ (၇) ဦး တက်ရောက်ခဲ့ကြပါသည်။

နှီးနှောဖလှယ်ပွဲကာလအတွင်း လိုအပ်သည့် လမ်းညွှန်ချက်များပေးရန်နှင့် အငြင်းပွါးဖွယ်ကိစ္စများအားညှိနှိုင်းဖြေရှင်းပေးရန် အဖွဲ့ဝင် (၉) ဦးပါဝင်သော "ဦးဆောင်ကော်မတီ" တရပ်ကို အများသဘောတူရွေးချယ် တင်မြှောက်ခဲ့ကြပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွါးရေး၊ သယံဇာတ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်အစရှိသည့်ကဏ္ဍအလိုက် ရခိုင်တမျိုးသားလုံးစွဲကိုင်ရမည့် အခြေခံမူများကို စုပေါင်းဆွေးနွေး ချမှတ်ခဲ့ကြပါသည်။

ဤနှီးနှောဖလှယ်ပွဲတွင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို တရားဝင်ကိုယ်စားပြု၍ ဆွေးနွေးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသော ကျွန်ုပ်တို့သည် ရခိုင်တမျိုးသားလုံး၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွါးကို ထိန်းသိမ်းကာကွယ် မြှင့်တင်နိုင်ရန်အတွက် အဆိုပါအခြေခံမူများအား အဆင့်ဆင့်သော နိုင်ငံရေးဆွေးနွေးပွဲများနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဖြစ်စဉ်တို့တွင် ဘုံမူဝါဒသဘောထား ရပ်တည်ချက်များအဖြစ် အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးဆောင်ကော်မတီ<br>
ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာနှီးနှောဖလှယ်ပွဲ

*ဆက်သွယ်ရန် -*<br>
ဦးထွန်းဇော် (အထွေထွေအတွင်းရေးမှူး - ANC)<br>
*ဖုန်း +66 (0) 816 808 934*